**Highlights from DVB Debate's Reform Show**

**"How far has Burma reformed?"**

**22/11/2014**

"ကျနော်တို့နိုင်ငံ ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်နေပြီ ပြောတယ်. လမ်းကြောင်းပေါ် ဆက်လျှောက်၊ မလျှောက်ကလည်း အရေးကြီးတယ်။"

ဦးအောင်ကြည်ညွန့် - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

---

"ကျနော်တို့နိုင်ငံမှာက..ဆိုရှယ်လစ်စနစ် အစစ်၊ အတုငြင်းကြတယ်။ လွတ်လပ်ရေးရတော့လဲ ရွှေရည်စိမ်လွတ်လပ်ရေး ဘာလုပ်မလဲဆိုပြီး ပြောခဲ့ကြတယ်။ အစစ်လား အတုလား ဆိုပြီး စဉ်းစားချက်တွေက ပြဿနာဖြစ်နေတယ်။ အကူးအပြောင်းတွေဟာ တိတိပပပြောဖို့ သိပ်ခက်တယ်။"

ဒေါက်တာတင်မောင်သန်း - မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ်အဖွဲ့အစည်း ဒါရိုက်တာ

---

"ခေတ်စနစ်အပြောင်းအလဲမှာ ပြည်သူတွေဘယ်လောက် အကျိုးခံစားရလဲ..အလုပ်သမားတွေ၊ လယ်သမားတွေရဲ့ ဘဝ ဘာမှတိုးတက်မလာဘူး။ အဲတော့ လက်ရှိအခြေအနေဟာ ပြုပြင်ပြောင်းလဲဖို့ အစပြုနေတယ်လို့ပဲ မြင်တယ်။"

ဦးဖေသန်း - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

---

"ငါတို့ မင်းတို့ဆိုတဲ့အမြင်တွေ ပြောင်းဖို့လိုတယ်။ အခုဆို ကျနော်တို့လည်း ရှုမြင်ချက်တွေ ပြောင်းနေပြီ။ အခု အမျိုးသားပညာရေးဥပဒေကြမ်းကိစ္စမှာ ဆန္ဒပြကျောင်းသားတွေနဲ့ ကျနော်တို့ညှိတယ်. အရင်ဖြေရှင်းနည်းတွေနဲ့ မတူတော့ဘူး။ အားလုံးနဲ့ ဖွင့်ကစားနေပါတယ်။ ဒါအရွေ့ပဲ။"

ဦးဇော်ဌေး - သမ္မတရုံးညွှန်ကြားရေးမှူး

---

"ပညာရှင်တွေအမြင်အရ ကျနော်တို့ မြန်မာ့အပြောင်းအလဲက မြန်လွန်းနေတယ်.အန္တရာယ်ရှိတယ်တဲ့။ ကျနော်တို့ အပြောင်းအလဲလုပ်တာမှာ စနစ်တကျပြောင်းလဲနိုင်ဖို့လိုတယ်. ဒီလိုပြောင်းနိုင်မယ့် စွမ်းဆောင်ရည်(capacity)မရှိဘူး. ပြောင်းချင်တာနဲ့ ပြောင်းမယ် ပြောင်းမယ်ပဲ ပြောနေကြတယ်။"

ဒေါက်တာတင်မောင်သန်း - မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ်အဖွဲ့အစည်း ဒါရိုက်တာ

"ပြည်သူတွေက ဆင်းရဲဒုက္ခရောက်နေကြပြီ ဒါကြောင့် အပြောင်းအလဲကို အမြန်လိုအပ်နေကြတာ"

ဦးအောင်ကြည်ညွန့် - အမျိုးသားလွှတ်တော်အမတ်

---

“ခေတ်ကွာတာတွေ မပြောပါနဲ့။ ငြိမ်းချမ်းရေးကိစ္စ၊ နိုင်ငံ့စီးပွားရေး၊ ဖွံ့ဖြိုးရေးတွေ ဒါတွေက လုပ်ကိုလုပ်ရမယ့် အလုပ်တွေလေ။ ဒါ ပြုပြင်ပြောင်းလဲရေး မဟုတ်ဘူး။”

ဦးကျော်ဆွေလတ် - နေပြည်တော် အလုပ်သမားရေးရာတာဝန်ခံ

---

“ကျနော်တို့အရင်က အမိန့်နဲ့ ညွှန်ကြားချက်နဲ့ သွားခဲ့တာ။ အခု ဥပဒေတွေနဲ့ သွားနေပြီ။ ပြည်တွင်းငြိမ်းချမ်းရေးမရသေးတာနဲ့ ပြုပြင်ပြောင်းလဲရေးက နောက်ဆုတ်သွားမှာ မဟုတ်ပါဘူး။”

ဦးဇော်ဌေး - သမ္မတရုံးညွှန်ကြားရေးမှူး

---

“ခေတ်မမီတော့တဲ့ မြေပုံတွေချပြီး ဒီမြေက လွတ်တယ် မြေလွတ်မြေရိုင်းဖြစ်တယ်ဆိုပြီး လုပ်ငန်းရှင်တွေကိုချပေးတယ်။ တကယ့် မြေပြင်မှာကျ ဘိုးမဦးချ နှစ်ပေါင်းများစွာလုပ်လာတဲ့ လယ်သမားတွေအများကြီးရှိတယ်။”

ဦးဖေသန်း - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

“အဲလို မြေပုံနဲ့မြေပြင်ကွာဟချက်တွေကြောင့် အခုဆို ကျနော်တို့အစိုးရအနေနဲ့ လယ်ယာမြေအသုံးချမှု မူဝါဒ ဥပဒေကြမ်းတွေ ချမှတ်ဆောင်ရွက်နေပြီ။”

ဦးဇော်ဌေး - သမ္မတရုံးညွှန်ကြားရေးမှူး

“ဆရာတို့က လုပ်နေတယ်ပြောနေပေမယ့် လယ်သမားတွေက အောက်ခြေမှာ ဘဝပျက်နေပြီ။”

ဦးဖေသန်း - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

---